အိုင်သလွန်ကျေးရွာ

ကျုံကော့အုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အိုင်သလွန်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၂

## မာတိကာ


မာတိကာ

အတိုကောက်စကားလုံးများ

စကားချီး ၁

အိုင်သလွန်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃

အိုင်သလွန်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၅

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၇

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်လက်များ ၈

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၈

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၉

(ဃ) ကျန်းမာရေး နှင့် အာဟာရ ၁၀

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၀

(စ) ကျားမဆိုင်ရာဆက်နွှယ်မှု ၁၁

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၁

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၂

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၃

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၃

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၃

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၄

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၄

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၅

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၅

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၆

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၁၉
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက် အုပ်စုသတ်မှတ်ခြင်း ၂၀
(ဂ) ဦးစားပေး စီမံချက်များ၂၀
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၁
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၄
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၅

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၅

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၇
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၂၈
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား ၃၄
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၅
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၃၆
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၃၇
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၃၈
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၃၉
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၃၉
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု ၄၂

## (၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ


| | | | |
|---|---|---|---|
| ဇယား | ၁၁ | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၄၃ |
| ဇယား | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၅ |
| ဇယား | ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၄၆ |
| ဇယား | ၁၄ | ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ | ၄၇ |
| ဇယား | ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၄၈ |
| ဇယား | ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၄၉ |
| ဇယား | ၁၇ | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၅၀ |
| ဇယား | ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ | ၅၁ |
| ဇယား | ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၅၂ |
| ဇယား | ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၃ |
| ဇယား | ၂၁ | မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၅ |
| ဇယား | ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၅၈ |
| ဇယား | ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ | ၅၉ |
| ဇယား | ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ | ၆၀ |
| ဇယား | ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၆၁ |
| ဇယား | ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၆၂ |
| ဇယား | ၂၇ | ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ | ၆၂ |
| ဇယား | ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း | ၆၄ |
| ဇယား | ၂၉ | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | ၆၆ |
| ဇယား | ၃၀ | မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း | ၆၇ |
| ဇယား | ၃၁ | ကျောင်းတက်နှုန်း | ၆၈ |
| ဇယား | ၃၂ | စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ | ၆၈ |
| ဇယား | ၃၃ | ပညာရေး အခက်အခဲနှင့် ပြဿနာများ | ၆၉ |
| ဇယား | ၃၄ | အဖြစ်များသော ရောဂါများ | ၇၀ |
| ဇယား | ၃၅ | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၇၁ |
| ဇယား | ၃၆ | ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ | ၇၁ |
| ဇယား | ၃၇ | သောက်သုံးရေရရှိမှု | ၇၃ |
| ဇယား | ၃၈ | အိမ်သာအမျိုးအစား | ၇၄ |

ဇယား ၃၉ ကျား-မ ရေးရာ ၇၄
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ ၇၆
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု ၇၇
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၇၈
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၇၉
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၇၉
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၈၀
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး  အခြေအနေ ၈၁
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၈၂
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၈၃
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၈၄
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၈၆
**ကိုးကားစာရင်း**

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၀၂၇ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့

၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အိုင်သလွန်ကျေးရွာ

ဇလွန်မြို့နယ်

## အိုင်သလွန်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဖလွန်မြို့နယ်



**အိုင်သလွန်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်**




ရက်စွဲ၊ ၂.၈.၂၀၂၂

ရေးဆွဲသူ၊ ဦးကျော်သူမင်း

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော် တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ် သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်း ချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံ ကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အိုင်သလွန်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဇလွန်မြို့နယ် ကော့ကပ်တိုက်နယ်၊ ကျုံကော့အုပ်စု၌တည်ရှိပြီး ဇလွန်မြို့၏တောင်ဘက်တွင် တည်ရှိပါသည်။ အိုင်သလွန်ကျေးရွာသည် အရှေ့ဘက်ရှိ ကျုံကော့ကျေးရွာနှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၅၄)ပေခန့်တွင် တည်ရှိပါသည်။ တစ်နှစ်လုံးတွင် (၅)လခန့် မိုးရွာသွန်းပြီး၊ ဆောင်းရာသီ၌ အသင့်အတင့်အေးကာ နွေရာသီကာလများ၌ ယခင်နွေကာလများထက် တဖြည်းဖြည်း ပို၍ပူလာသည်ကိုတွေ့ကြုံရပါသည်။ အိုင်သလွန်ကျေးရွာသည် ဇလွန်မြို့နယ်နှင့် (၇)မိုင်ကျော်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုအနည်းအကျဉ်းရှိပါသည်။ အိုင်သလွန်ကျေးရွာသည် ရွာတွင်းလမ်းများ တောင်နှင့်မြောက်သွယ်တန်းထားသည့် ရွာတန်းရှည်ပုံစံဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၃၀) အထက်ရှိပြီး စပါး၊ ပဲအမျိုးမျိုးတို့ကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်

အိုင်သလွန်ကျေးရွာတွင် ကျောက်နှင့်သဲ၊ တွင်းထွက် သယံဇာတများ၊ သဘာဝအပင် မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းများအတွက် နွားအသုံးပြုမှုရှိသောကြောင့်နွားစာအတွက် မြက်များကို လယ်တောများတွင်အလွယ်တကူ ရရှိနိုင်ပါသည်။ ကျေးရွာတွင် စားကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင် အပင်များ ဖြစ်သော ငွေးတောက်ပင်၊ ကျောက်မန်းရွက်ပင်၊ကနဖော့ပင်၊ သရင်းကြီးပင်၊ နနွင်းပင်၊ ဆင်နှာမောင်းပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ ဘောက်ပင်၊ ဆင်တုံးမနွယ်ပင်များ ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၈၃)အိမ်၊ အိမ်ထောင်စု(၈၃)စုနှင့်လူဦးရေ (၃၂၅)ဦးရှိကြောင်း၊ ကလေးငယ်အရွယ်(၃)%၊ ကျောင်းနေအရွယ်(၁၆)%၊အလုပ်လုပ်နိုင်သောအရွယ်(၇၂)%၊ သက်ကြီးရွယ်အို (၉)%ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၉)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ ကျေးရွာတွင် အမျိုးသား(၁၅၅)ဦး၊ အမျိုးသမီး(၁၇၀)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့် အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကိုထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အိုင်သလွန်ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေးအတွက် တစ်ပိုင်တစ်နိုင် ကြက်၊ ဘဲ၊ ဝက် မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်း ကိုယ်ပိုင်လုပ်ကိုင်သူ(၅၂)%နှင့်လယ်လုပ်ငန်းတွင် ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ(၄၂)%ရှိပါသည်။ ၎င်းအပြင် ပညာရေးဝန်ထမ်းလုပ်ကိုင်သူ၊ လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်းများနှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူများလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေဧက (၂၀၆)ဧကနှင့် ခြံမြေဧက (၀.၃၀) ဧကရှိပြီး ယာမြေ/တောင်ယာမြေ၊ ကိုင်း/ကျွန်းမြေ၊ ဓနိတောမြေ၊ စားကျက်မြေနှင့် မြေလွတ်၊ မြေလပ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အလယ်အလတ်ရှိသောအိမ်ထောင်စု ၃၈ အိမ် (၄၆%)၊ ဆင်းရဲသော အိမ်ထောင်စု ၂၈ အိမ် (၃၄%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စု ၁၇ အိမ်(၂၉%)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အိုင်သလွန်ကျေးရွာတွင် အိမ်ထောင်စု (၈၃)စုအနက် မြေယာမဲ့အိမ်ထောင်စု ၄၀အိမ်(၄၈%)၊၂.၅ဧကအောက် ပိုင်ဆိုင်သူအိမ်ထောင်စု ၈အိမ်(၁၀%)၊ ၂.၅ဧကမှ၅ဧကကြား ပိုင်ဆိုင်သူအိမ်ထောင်စု၁၃အိမ်(၁၆%)၊ ၅ဧကမှ၁၂.၅ဧကကြား ပိုင်ဆိုင်သူအိမ်ထောင်စု၂၂အိမ်(၂၆%)ရှိကြောင်း၊ ၁၂.၅ဧကအထက် ပိုင်ဆိုင်သူအိမ်ထောင်စုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာသည် လယ်လုပ်ငန်းအား အဓိကလုပ်ကိုင်သော ဒေသဖြစ်သဖြင့် လယ်စိုက်ပျိုးရေးသုံး စက်ကိရိယာများပိုင်ဆိုင်မှုမှာ ထွန်စက်(၁)စီး၊ လက်တွန်း(၁၃)စီး၊ ခြွေလှေ့စက် (၅)စီး၊ ရေစုပ်စက်(၃၁)လုံး၊ မြက်ရိတ်စက်(၁၄)လုံး ရှိကြောင်း၊ ထွန်စက်အားငှားရမ်း လုပ်ကိုင်နေသော တောင်သူ(၄၁)ဦးရှိကြောင်း၊ လက်တွန်းအားငှားရမ်း လုပ်ကိုင်နေသောတောင်သူ(၂၉)ဦးရှိကြောင်း၊ ရိတ်သိမ်းခြွေလှေ့စက်အားငှားရမ်း လုပ်ကိုင်နေသောတောင်သူ(၄၂)ဦးရှိကြောင်း၊ ခြွေလှေ့စက်အားငှားရမ်းလုပ်ကိုင်နေသောတောင်သူ(၃၇)ဦးရှိကြောင်း၊ ရေစုပ်စက်အားငှားရမ်း လုပ်ကိုင်နေသော တောင်သူ(၁၂)ဦးရှိကြောင်း၊ မြက်ရိတ်စက်အားငှားရမ်းလုပ်ကိုင်နေသောတောင်သူ(၂၈)ဦးရှိကြောင်း၊ ဝင်ငွေ၊ ထွက်ငွေ မမျှတ၍ စီးပွားရေးအခက်အခဲ နှစ်စဉ်ကြုံတွေ့နေရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

အိုင်သလွန်ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၈၃)စုအနက် (၃)လအောက် ဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသော အိမ်ထောင်စုပေါင်း (၁၄)အိမ် ရှိပြီးဝမ်းစာမဖူလုံသော အိမ်ထောင်စုများမှာလည်း အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းသော အိမ်ထောင်စုများ၊ မိသားစုဝင်များပြားပြီးကလေးငယ်များသာရှိသော အိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက်နှင့်မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်ရှိသည့်အိမ်ထောင်စုမရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ် ထောင်စု(၄)စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု(၁)စု၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသော ဆင်းရဲသည့်အိမ်ထောင်စုမရှိကြောင်း၊ ကူညီစောင့်ရှောက်မှု အထူးလိုအပ်နေသော အုပ်စုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာအန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊ မပြေလည်သော အိမ်ထောင်စုများမှာ(၃)လအောက်စားနပ် ရိက္ခာမဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် သဘာဝရင်းမြစ် ( မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ လျှပ်စစ်ဓာတ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှု စသည့် ထိခိုက်မှုမျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက်အုပ်စုကဏ္ဍအလိုက်ခွဲခြား သတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုများသည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက်ရောက်မှု နိမ့်ကြောင်း၊ လူငယ်များသည် အရက်သေစာ သောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အနည်းအကျဉ်းသာရှိကြောင်း၊ စားဝတ်နေရေးအခက်အခဲအနည်းအကျဉ်းသာ ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

အိုင်သလွန်ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယ ဖြစ်ပွားမှု နည်းပါးကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး စသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

အိုင်သလွန်ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေး ထိုးနှံခြင်းများ နှင့်အခြားစုပေါင်း ကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက် ရောင်ကာကွယ်ဆေး၊ Covid 19 ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ အနေဖြင့် ကျေးရွာ နှင့်(၂)မိုင်အကွာတွင် ကော့ကပ်တိုက်နယ်ဆေးရုံရှိသော်လည်း အရေးပေါ်ဆေးကုသမှုများခံယူရာ တွင် ပိုမို၍ အဆင်ပြေစေရန် ကျန်းမာရေးဆေးပေးခန်းအကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

အိုင်သလွန်ကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၇)၊ မ(၉)ဦး စုစုပေါင်း (၁၆)ဦး၊ (၅)% ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူ ဦးရေ ကျား(၅၄)ဦး၊ မ(၅၅)ဦး၊ စုစုပေါင်း (၁၀၉)ဦး၊ (၃၄)%ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၅၀)ဦး၊ မ(၅၂)ဦး၊ စုစုပေါင်း(၁၀၂)ဦး၊ (၃၁)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၃၃)ဦး၊ မ(၃၈)ဦး၊ စုစုပေါင်း(၇၁)ဦး၊ (၂၂)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၁၁)ဦး၊ မ(၁၆)ဦး၊ စုစုပေါင်း(၂၇)ဦး၊ (၈)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၁၆)ဦး၊ မ(၇)ဦး၊ စုစုပေါင်း(၂၃)ဦး၊ (၇)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၁၁)ဦး၊ မ(၆)ဦး၊ စုစုပေါင်း (၁၇)ဦး၊ (၆)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၂)ဦး၊ မ(၇)ဦး၊ စုစုပေါင်း(၉)ဦး၊ (၂)%ရှိကြောင်း၊ လက်ရှိတက္ကသိုလ် /ကောလိပ်အဆင့် ကျား(၅)ဦး၊ မ(၅)ဦး၊ စုစုပေါင်း(၁၀)ဦး၊ (၂)%ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

အိုင်သလွန်ကျေးရွာ၏ ရွာအလယ်ပိုင်းတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ကျောင်းသူ/ကျောင်းသားတို့၏ စိတ်ဝင်စားမှုရှိခြင်းတို့ကြောင့် မူလတန်းအဆင့်ဖြင့် ကျောင်းထွက်နှုန်းဦးရေနည်းပါးသော်လည်း အလယ်တန်း၊ အထက်တန်းအဆင့် ထိသာ တက်ရောက်နိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

အိုင်သလွန်ကျေးရွာရှိ ကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့် ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင်အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း ၊ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှ မှုဆိုင်ရာများအတွက် ကျေးရွာသူ /ကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာသည် လယ်လုပ်ငန်းတစ်မျိုးတည်း အဓိကလုပ်ကိုင်သောကျေးရွာ ဖြစ်သ ဖြင့်လယ်လုပ်ငန်းများတွင် ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခ နှုန်းထား အများဆုံးမှာ(၆၀၀၀)ကျပ်နှင့်အနည်းဆုံးမှာ(၅၀၀၀)ကျပ်ဖြစ်ပြီး မိန်းကလေးများ၏လုပ် အားခနှုန်းအများဆုံးမှာ(၅၀၀၀)ကျပ်နှင့်အနည်းဆုံးမှာ(၄၀၀၀)ကျပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာ ရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျား၊ မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့ အကျင့်ကောင်းများရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် ဗုဒ္ဓဘာသာ ဗမာလူမျိုးများဖြစ် ကြပြီး ကျေးရွာတွင် စာသင်ကျောင်း(၁)ကျောင်း၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း (၁)ကျောင်း နှင့်ဘုရားစေတီပုထိုးများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်း လူထုအခြေပြု အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မ တီအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ နာရေးကူညီမှုအသင်း၊ ကျန်းမာရေးအဖွဲ့ နှင့် လူငယ်အားမာန်အသင်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

အိုင်သလွန်ကျေးရွာတွင် စပါးစိုက်ကေ(၂၀၆)တင်းရှိပြီး (၁)ကေပျမ်းမျှ (၉၀)တင်းထွက်ရှိကြောင်း၊ ပဲစိုက်ကေ(၂၀၆)တင်းရှိပြီ (၁)ကေပျမ်းမျှ (၉)တင်းထွက်ရှိကြောင်း၊ သီးနှံများအတွက် ပံ့ပိုးရသောသွင်းအားစုလိုအပ်ချက်မှာပုံမှန်ဖြစ်ကြောင်း၊ သီးနှံများ ဖြစ်ထွန်းမှုအကျိုးအမြတ်ရရှိမှုများမှာလည်း သင့်တင့်ကောင်းမွန်ကြောင်း၊ စပါးနှင့်ပဲကိုသာ အဓိကထားအားထား စိုက်ပျိုးရာဒေသဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်အဓိက စိုက်ပျိုးရေးဒေသဖြစ်သဖြင့်စိုက်ပျိုးရေးအတွက် လိုအပ်သော ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့်အခြားဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သော သွင်းအားစုရေကိုအဝီစိတွင်းများမှတိုက်ရိုက်ရရှိနိုင်ခြင်း၊ မြေဆီမြေလွှာ ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

အိုင်သလွန်ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် ထွန်စက်များ၊ လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ရိတ်စက်များ၊ ရေစုပ်စက်များ၊ မြက်ရိတ်စက်များဖြင့် အသုံးပြု၍ ထုတ်ကုန်များ ရရှိရန်အသုံးပြုပါသည်။ စိုက်ပျိုးရာတွင် ရာသီဥတု သင့်တင့်ခြင်း၊ စိုက်ပျိုးရေရရှိမှု ပေါများကောင်းမွန်ပါသည်။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများလည်း စိုက်ပျိုးရေးအတွက် ရရှိပါသည်။ စိုက်ပျိုးရေး သုံးသီးနှံမျိုးစေ့များကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားများကိုလည်း စိုက်ပျိုးရေး အတွက် ရရှိနိုင်ပါသည်။

အိုင်သလွန်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ နွားမွေးမြူသော အကောင်ရေ (၅)ကောင်၊ မြင်းမွေးမြူသော အကောင်ရေ (၄)ကောင်၊ ဝက်မွေးမြူသော အကောင်ရေ (၁၂)ကောင်၊ ကြက်မွေးမြူသောအကောင်ရေ (၈၈၀)ကောင်၊ ဘဲမွေးမြူသော အကောင်ရေ (၂၉)ကောင်ရှိကြောင်း၊ နို့စားနွား၊ ကျွဲ၊ မြည်း၊ လား၊ ဆိတ်၊ သိုး မွေးမြူသော အိမ်ထောင်စု မရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။ အိုင်သလွန်ကျေးရွာတွင် နွား၊ မြင်း၊ ကြက်၊ ဘဲ၊ ဝက်၊ မွေးမြူရေးကဏ္ဍတွင်လည်း စီးပွားဖြစ် မွေးမြူကြခြင်း မရှိပါ။

အိုင်သလွန်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်း မဟုတ်ပဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့် ပတ်သက်၍လည်း လုပ်ကိုင်စားသောက်မှု မရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

အိုင်သလွန်ကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေ ရရှိရေးအတွက် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲမွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဆိုင်ကယ် ကယ်ရီလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ခြံစိုက်ပျိုးရေးတွင် ကိုယ်ပိုင်လုပ်ကိုင်သူ (၅၂)% နှင့်ရာသီအလိုက်နေ့စားအလုပ် လုပ်ကိုင်သူ(၄၂)% ရှိပါသည်။ အိုင်သလွန်ကျေးရွာသည် ဇလွန်မြို့နှင့်(၇)မိုင်ကျော်ကွာဝေးသောကြောင့်သွားလာရာတွင် ဆိုင်ကယ်များကိုသာအသုံးပြုကြကြောင်း လေ့လာတွေ့ ရှိရပါသည်။ ကျေးရွာ၏ဒေသ ထွက်ကုန်များ အားရောင်းချရန် ဈေးကွက်ကောင်း ရှိပါသည်။ ညောင်ကုန်းကျေးရွာသည် ဇလွန်မြို့နှင့် (၇)မိုင်ကွာ ဝေးခြင်းတို့ကြောင့် လျှပ်စစ်မီးမရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ် သောအခြား အသက်မွေးဝမ်း ကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန် သည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ဝင်ငွေတိုးပွားမှုများမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

အိုင်သလွန်ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များ စီမံခန့်ခွဲမှုစနစ်၌ လယ်အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်ယာပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက် များအားမြေစာအဖြစ်ပြန်လည် သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက်ရှိသည့် စွန့်ပစ် ပစ္စည်းများအားတစ်ဦးချင်း တစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော် လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုး ဖြစ်ပွားမှုအန္တရာယ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန် သဘာဝမြေသြဇာသုံးစွဲမှု နည်းပါးပြီး အလွယ်တကူ အသုံးပြုနိုင်သော ပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

အိုင်သလွန်ကျေးရွာရှိ လယ်သမားအများစုမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ (အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ပက်မြန်မာငွေစုငွေချေးအဖွဲ့၊ Hayman ငွေစုငွေချေးအဖွဲ့၊ ကိုရီးယား ငွေစုငွေချေးအဖွဲ့တို့ထံမှ (အတိုးနှုန်း ၂ကျပ်)ဖြင့် ချေးယူသူများ လည်းရှိကြောင်း၊ သမဝါယမငွေစုငွေချေးအဖွဲ့မှ ချေးယူသူများ လည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ် ချက်အရ အကြွေးတင်ရှိမှု နည်းပါးကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အိုင်သလွန်ကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်အဝီစိတွင်း(စက်တပ်)အသုံးပြုသူ အိမ်ထောင်စု (၁၇)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု (၅၇)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တွင်းမရှိ၍ ပေါင်းစပ်အသုံးပြုသူ အိမ်ထောင်စု (၉)အိမ်ရှိကြောင်း၊ တုံကင်တွင်းမှ နွေ၊ မိုး၊ ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိသော်လည်း ကျန်းမာသန့်ရှင်းသော သောက်သုံးရေမဟုတ်သည့်အတွက် ရေသန့်တွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အဆင်ပြေမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာတစ်ရွာလုံး ရေလောင်း/ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာသည် တုံကင်တွင်းရေကို အဓိကအသုံးများပြီး အာဆင်းနစ်မလွတ်ခြင်း၊ သဲပေါ်ခြင်း၊ ရေဝါခြင်း၊ အနံ့မကောင်းခြင်းများ တွေ့ရှိရပါသည်။ ရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးမှာ ညံ့နေပါသည်။ လူနေအိမ်များတွင် မီးဖိုသုံးအမှိုက်များကို စနစ်တကျမထားခြင်း၊ ပလတ်စတစ်အိပ်များ အလွယ်တကူစွန့်ပစ်ခြင်း၊ စိုက်ပျိုးရေးသုံးဆေးဝါးများ လွန်ကျူံစွာသုံးစွဲခြင်း၊ စိုက်ပျိုးရေးသုံးဗူးခွံများအား လယ်ထဲတွင်သာ အလွယ်တကူစွန့်ပစ်သည်များကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လက်ကမ်းစာစောင်ပေးခြင်း၊ ကွင်းဆင်း၍ သင်တန်းများ ပို့ချသင့်ကြောင်း အကြံပြုအပ်ပါသည်။ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်နေသော အမှိုက်ကင်းစင်စီမံကိန်း လုပ်ဆောင်ချက်များအတိုင်းလိုက်နာဆောင်ရွက်မည်ဆိုပါက ကျေးရွာသည် ယခုထက်ပို၍ သန့်ရှင်းသာယာလှပသော ကျေးရွာဖြစ်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

အိုင်သလွန်ကျေးရွာတွင်းရှိလူငယ်များသည် သာရေး၊ နာရေးနှင့်ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင်တက်တက်ကြွကြွ ဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သောသူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့်ဘုရားပွဲ၊ကထိန်ပွဲများကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင်နှစ်စဉ်ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့်ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

အိုင်သလွန်ကျေးရွာရှိ ရွာတွင်းလမ်းမှာ (၂၉၀၀)ပေအတိုင်းအတာရှိလမ်းဖြစ်ပြီး၊ လမ်းမှာ လက်ရှိတွင်(၈)ပေအကျယ်ကွန်ကရစ်ဘောင်ခတ်မြေသားလမ်းပေါ်တွင် ချောင်းကျောက်အနည်းငယ် သာခင်းထားသဖြင့် ယာဉ်များသွားလာရာတွင် အဆင်မပြေမှုများဖြစ်ပေါ်မှုကြောင့် ၆" ထု ချောင်းကျောက်ဖြည့်၍ ကွန်ကရစ်ဘောင်ခတ်ချောင်းကျောက်လမ်းဖြစ်အောင် ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာသည် လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၅၈)အိမ်၊ လျှပ်စစ်မီး အသုံးမပြုနိုင်သောအိမ် (၂၅)အိမ် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များ ရရှိရေးအတွက် ဖုန်း(၈၂)လုံး၊ ရေဒီယို (၃၂)လုံး၊ တီဗွီ(၄၆)လုံး၊ ဂြိုလ်တုစလောင်း(၄၆)လုံးဖြင့် အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenor၊ ooredoo၊ mytel ဆက်သွယ်ရေး လိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၇)မိုင်ကျော်ဝေးသော အနီးဆုံးဈေး“ဇလွန်ဈေး”သို့သွားလာကြပြီး စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံး နှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေး ပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ပါသည်။ အိုင်သလွန်ကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် (၁၆)မိုင်အထက် ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ ကား၊ ထော်လာဂျီတို့ဖြင့် ဆက်သွယ် သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာ၏သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်မှုမှာ လှေ(၄)စီး၊ စက်လှေ(၈)စီး၊ စက်ဘီး(၅၇)စီး၊ မော်တော် ဆိုင်ကယ် (၄၄)စီး၊ ထော်လာဂျီ(၄)စီးနှင့်နွားလှည်း(၁)စီးတို့ ဖြစ်ပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

အိုင်သလွန်ကျေးရွာတွင်လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှုနှင့် ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ညောင်ကုန်းကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredoo, Mytel ကဲ့သို့သော ဖုန်းလိုင်းများ မိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသား များမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာအကူအညီ ရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

အိုင်သလွန်ကျေးရွာတွင် ဘုရားတန်ဆောင်း၊ ကျေးရွာစာသင်ကျောင်းများရှိသဖြင့် အခြေခံအဆောက်အဦ သင့်တင့်ကောင်းမွန်မှုရှိပါသည်။ အိုင်သလွန်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် လယ်စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ပြီး ဇလွန်မြို့နှင့် (၇)မိုင်သာဝေးခြင်း၊ သွားလာရ လွယ်ကူခြင်းကြောင့် ကျေးရွာ၏ တည်နေရာ အနေအထားမှာ ကောင်းမွန်ပါသည်။

အိုင်သလွန်ကျေးရွာတွင် ဘာသာရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တို့ရှိပြီး ကျေးရွာသူ/သားများ အားလုံးအသင်းနှင့်ပေါင်းစပ်၍ သာရေး၊ နာရေး ကိစ္စအဝဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသောကြောင့် ပူးပေါင်းပါဝင်မှုအားကောင်းပါကြောင်း၊ စိုက်ဘဏ်ချေးငွေအဖွဲ့နှင့် သမဝါယမချေးငွေအဖွဲ့တို့ရှိသဖြင့် လယ်လုပ်ငန်းအတွက် ချေးငွေလက်လှမ်းမှုရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာရှိ လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများလည်း အမျိုးသားများနှင့်အတူ ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ အိုင်သလွန်ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာနှင့် (၂)မိုင်အကွာတွင် ကော့ကပ်တိုက်နယ်ဆေးရုံနှင့်(၇)မိုင်အကွာတွင် ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံရှိသော်လည်း အရေးပေါ်ဆေးကုသမှုများခံယူရာတွင် ပိုမို၍အဆင်ပြေစေရန် ကျန်းမာရေးဆေးပေးခန်း အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်းတွေ့ရှိရပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

အိုင်သလွန်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြသော်လည်း စိုက်ပျိုးမြေပိုင်ဆိုင်သူ တောင်သူနည်းပါးပြီး ကပ်ပါးများသဖြင့်ကျေးရွာတွင် အဆင်ပြေသူ အိမ်ထောင်စုနည်းပါးသောကြောင့် ကျေးရွာတွင်းလမ်းကို အဆင့်မြှင့်တင်ရန် စုဆောင်းငွေနည်းပါးပြီး အခက်အခဲရှိသောကြောင့်သက်ဆိုင်ရာ မြို့နယ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သော လမ်းများဖြစ်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အိုင်သလွန်ကျေးရွာတွင်းရှိ ရွာတွင်းလမ်းမှာ(၂၉၀၀)ပေအတိုင်းအတာရှိ (၈)ပေအကျယ်ကိုယ်ထူကိုယ်ထ ကွန်ကရစ်ဘောင်ခတ်မြေသားလမ်းဖြစ်သောကြောင့် ချောင်းကျောက်လမ်းခင်းပါက ကျေးရွာဆက်သွယ်သွားလာရေးတွင်သာမက ယာဉ်များအတိမ်းရှောင်၊ ကျန်းမာရေးကိစ္စအဝဝတွင်သုံးဘီးကားများ၊ လယ်ယာထုတ်ကုန်ယာဉ်များရာသီမရွေး အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အိုင်သလွန်ကျေးရွာသည် လက်ရှိတွင်ဆိုလာနှင့်ဘက်ထရီအိုးခြောက်တို့ကိုအများဆုံးအသုံးပြုနေကြပြီး လျှပ်စစ်မီးမရခြင်းကြောင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများအဆင့်မြှင့်တင်နိုင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ချောင်းကျောက်လမ်း(၂၇၄၅'x၈'x၆")လမ်းအား ပြုလုပ်ဆောင်ရွက်နိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းအရှေ့ဘက်ကမ်းလမ်းအား ကွန်ကရစ်ဘောင်ခတ်ချောင်းကျောက်လမ်း(၂၄၀၀'x၈'x၆")ရအောင် ပြုလုပ်ဆောင်ရွက်နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် တံတားတည်ဆောက်ခြင်း (၁၅၀'x၆'x၁၆') ကိုတည်ဆောက်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် မြစိမ်းရောင်စီမံကိန်း(၇၃)လုံး ရရှိအောင် ဆောင်ရွက်နိုင်ရမည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးအတွက် စံကိုက်ဆေးခန်း(၂၀'x၃၀')(၂)လုံးတည်ဆောက်ခြင်းအား ဆောင်ရွက်နိုင်ရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်-

ခ.၁) ကျွန်ုပ်တို့သည် ကျေးရွာတွင်းလမ်း (၂၇၄၅'x၈'x၆")ချောင်းကျောက်လမ်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်ရှိနေသော ရွာတွင်းအရှေ့ဘက်ကမ်းလမ်း (၂၄၀၀'x၈'x၆") အား ကွန်ကရစ်ဘောင်ခတ်ချောင်းကျောက်လမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျေးလက်ဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၁.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် တံတားတည်ဆောက်ခြင်း (၁၅၀'x၆'x၁၆') အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဦးစီးဌာနအားတင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

၁.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်မြစိမ်းရောင်စီမံကိန်း(၇၃)လုံးရရှိရေးအတွက်မြို့နယ်ကျေးလက် ဦးစီးဌာနနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

၁.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် စံကိုက်ဆေးပေးခန်း (၂၀'x၃၀')(၂)လုံး အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှလည်းထည့်ဝင် ငွေများကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိပံ့ပိုးမှု ပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ် ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကို လည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (က) ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း

အိုင်သလွန်ကျေးရွာ ရွာတွင်းလမ်း (၂၇၄၅'x၈'x၆") ချောင်းကျောက်ခင်းခြင်းအား ရာသီမရွေး ကုန်ထုတ်ယာဉ်များ ဖြတ်သန်းသွားလာဆက်သွယ်မှုပြုနိုင်ရေး ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင် ရွက်သွားပါမည်။

**(ခ) ကျေးရွာတွင်းအရှေ့ဘက်ကမ်းလမ်း အုတ်ဘောင်ခတ်ချောင်းကျောက်ခင်းခြင်း**

အိုင်သလွန်ကျေးရွာသည် ကျန်ရှိနေသော ရွာတွင်းအရှေ့ဘက်ကမ်းလမ်း (၂၄၀၀'x၈'x၆") အားလည်း ရာသီမရွေးကုန်ထုတ်ယာဉ်များ ဖြတ်သန်းသွားလာဆက်သွယ်မှုပြုနိုင်ရေး အတွက် ကွန်ကရစ်ဘောင်ခတ်ချောင်းကျောက်လမ်းဖြစ်အောင် ကျေးလက်ဦးစီးဌာန၊ အလှူရှင်တို့နှင့်ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဂ) တံတားတည်ဆောက်ခြင်း**

အိုင်သလွန်ကျေးရွာတွင်းရှိ ကျေးရွာချင်းဆက်တံတားမှာ သစ်သားတံတားဖြစ်သော်လည်း ခိုင်ခံ့မှုအားနည်းသဖြင့် ကျေးရွာသူ/ကျေးရွာသားများ၊ ကျောင်းသား/ကျောင်းသူများ သွားလာရာတွင် အခက်အခဲများဖြစ်သောကြောင့် တံတား(၁၅၀'x၆'x၆') တည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဦးစီးဌာန၊ အလှူရှင်တို့နှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဃ) မြစိမ်းရောင်စီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း**

အိုင်သလွန်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာစေခြင်းအားဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်၊ တိုးပွားလာသောရန်ပုံငွေဖြင့် ကျေးရွာအတွက်အမှန်တကယ်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့်ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့်မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်အတွက် မြစိမ်းရောင်စီမံကိန်းရရှိအောင် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(င) စံကိုက်ဆေးပေးခန်းတည်ဆောက်ခြင်း**

အိုင်သလွန်ကျေးရွာတွင်းရှိ ကျောင်းသား/ကျောင်းသူများ၊ ကျေးရွာသူ/သားများ ကျန်းမာရေးအခက်အခဲရှိ၍ ကျေးလက်ကျန်းမာရေးဆေးပေးခန်း (၂၀'x၃၀')(၂)လုံး ဆောက်လုပ်နိုင်ရန်ဆိုင်ရာ ဦးစီးဌာန၊ အလှူရှင်တို့နှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။

ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ

ဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ချောင်းကျောက်ခင်းခြင်းလုပ်ငန်း (၂၇၄၅'x၈'x၆")

(၂) ရွာအရှေ့ဘက်ကမ်းလမ်းကွန်ကရစ်ဘောင်ချောင်းကျောက်ခင်းခြင်း(၂၄၀၀'x၈'x၆")

(၃) တံတားတည်ဆောက်ခြင်း (၁၅၀'x၆'x၁၆')

(၄) မြစိမ်းရောင်စီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း(၇၃လုံး)

(၅) စံကိုက်ဆေးပေးခန်းတည်ဆောက်ခြင်း (၂၀'x၃၀')(၂)လုံး

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁။ | ချောင်းကျောက်ခင်းခြင်းလုပ်ငန်း (၂၇၄၅'x၈'x၆") | ၁ | ✔ | | | | |
| ၂။ | ရွာတွင်းအရှေ့ဘက်ကမ်းလမ်း ကွန်ကရစ်ဘောင်ချောင်းကျောက် ခင်းခြင်းလုပ်ငန်း(၂၇၄၅'x၈'x၆") | ၂ | | ✔ | ✔ | | |
| ၃။ | တံတားတည်ဆောက်ခြင်းလုပ်ငန်း (၁၅၀'×၆' x၁၆') | ၃ | | | ✔ | ✔ | ✔ |
| ၄။ | မြစိမ်းရောင်စီမံကိန်းရရှိအောင် ဆောင်ရွက်ခြင်း (၇၃)လုံး | ၄ | | | | ✔ | ✔ |
| ၅။ | စံကိုက်ဆေးပေးခန်းတည်ဆောက်ခြင်း (၂၀'×၃၀')(၂)လုံး | ၅ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျတ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသား ချင်းစာနာ မှုဆိုင်ရာ ထောက်ပံ့ မှု |
| | | | | ငွေလုံး ငွေရင်း သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁။ | ချောင်းကျောက်ခင်းခြင်းလုပ်ငန်း (၂၇၄၅'x၈'x၆") | | | ✔ | | |
| ၂။ | ရွာတွင်းအရှေ့ဘက်ကမ်းလမ်း ကွန်ကရစ်ဘောင်ချောင်းကျောက် ခင်းခြင်းလုပ်ငန်း(၂၇၄၅'x၈'x၆") | | | ✔ | | |
| ၃။ | တံတားတည်ဆောက်ခြင်းလုပ်ငန်း (၁၅၀'×၆' x၁၆') | | | ✔ | | |
| ၄။ | မြစိမ်းရောင်စီမံကိန်းရရှိအောင် ဆောင်ရွက်ခြင်း (၇၃)လုံး | | | ✔ | | |
| ၅။ | စံကိုက်ဆေးပေးခန်းတည်ဆောက် ခြင်း (၂၀'×၃၀')(၂)လုံး | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ် ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊
  ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏တာဝန်သာ

ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

